
# ဇီးကွက်လေးရဲ့ ပျော်စရာအိမ်





# ဇီးကွက်လေးရဲ့
# ပျော်စရာအိမ်




မင်္ဂလာပါ သူငယ်ချင်းတို့ရေ။
ငါ့ရဲ့အိမ်ကနေ ကြိုဆိုပါတယ်။

ငါ့ရဲ့အိမ်ကို လွှတ်တော်လို့ခေါ်တယ်။ လွှတ်တော်က အကြီးကြီးပဲလေ။
နိုင်ငံအတွက်လည်း သိပ်အရေးပါတယ်။




လွှတ်တော်ထဲမှာ ဦးဦးတွေ၊ ဒေါ်ဒေါ်တွေ အများကြီးက
တိုင်းပြည်ပိုကောင်းအောင်အတွက် အလုပ်လုပ်ကြတယ်လေ။



လွှတ်တော်ထဲက ဦးဦးဒေါ်ဒေါ်တွေက မြန်မာနိုင်ငံနေရာအနှံ့က လာကြတာလေ။ တချို့က ကျွန်းတွေက၊ တချို့ကတော့ တောင်တန်းဒေသကပေါ့။ တချို့ကတော့ မြို့ကြီးတွေက လာတယ်။ ဟိုးရွာသေးသေးလေးတွေကတောင် ပါသေးတယ်။



အဲဒီ ဦးဦးတွေ ဒေါ်ဒေါ်တွေကို လွှတ်တော်ကိုယ်စားလှယ်လို့
ခေါ်တယ်။ ဒါက လွှတ်တော် အစည်းအဝေး ကျင်းပနေတာပေါ့။
အရေးကြီးတဲ့ ကိစ္စတွေကို ဒီမှာ အတူတူ ဆွေးနွေးကြတယ်လေ။



သူတို့တွေက ဥပဒေလို့ ခေါ်တဲ့ စည်းကမ်းတွေကို ထုတ်တာပေါ့။ ဥပမာပြရမယ်ဆိုရင် ကလေးတွေ ကျောင်းကို သွားရမယ်ဆိုတဲ့ စည်းကမ်းတွေကို အတူတူ ဆုံးဖြတ်ကြတယ်။ ပြီးတော့ သဘာဝပတ်ဝန်းကျင်ကို ဘယ်လို ထိန်းသိမ်းကာကွယ်ကြမလဲ ဆိုတာမျိုးကို အတူတူ ဆွေးနွေး ဆုံးဖြတ်ကြတယ်။








လွှတ်တော်ကိုယ်စားလှယ်တွေဟာ ရပ်ရွာက လူတွေနဲ့ ဆွေးနွေးကြပြီးမှ
ပိုကောင်းမယ့်အရာတွေကို ဆောင်ရွက်ပေးကြတယ်။









ဒါကြောင့်မို့ တကယ်လို့ ကျောင်းမှာပဲဖြစ်ဖြစ်၊ ရပ်ကွက်ထဲမှာပဲဖြစ်ဖြစ် အကူအညီ တစ်ခုခု လိုလာရင် နီးနီးနားနားက လွှတ်တော် ကိုယ်စားလှယ်တွေဆီကို သွားပြောလို့ရတယ်။ ဦးဦးဖြစ်ဖြစ်၊ ဒေါ်ဒေါ်ဖြစ်ဖြစ် သူတို့က မင်းရဲ့အခက်အခဲကို ကူညီဖြေရှင်းနိုင်တယ်။



လွှတ်တော် ကိုယ်စားလှယ်တွေရဲ့ ကြိုးပမ်းအားထုတ်မှုတွေနဲ့
တို့နိုင်ငံကြီးက ပိုပြီး သာယာလှပလာတာပေါ့။ ကဲ ခုဆိုရင် မင်းတို့လည်း
ငါ့အိမ်ကြီးက ဘယ်လောက်အရေးပါတယ်ဆိုတာ သိကြပြီပေါ့။

# uav;wdkYjzqkdifar;cGef;rsm;

ဗိုးကွက်လေးရဲ့အိမ်မှာ ဘယ်သူတွေ အလုပ်လုပ်ကြလဲ။




ကိုယ့်ရဲ့ကျောင်းတို့၊ ရပ်ကွက်တို့ကို ပိုမိုသာယာအောင် ဘယ်လိုလုပ်ကြမလဲ။



လွှတ်တော်မှာ ဘာတွေလုပ်ကြလဲ။



လွှတ်တော် ကိုယ်စားလှယ်တွေကို ဘာပြောချင်လဲ။



# Z,DGf v;awGSunta t mif

